## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၂၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၃၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့တွင် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော်ဦးစိုးဝင်းက တင်ပြပန်ကြား သွားမှာဖြစ်ပါတယ်။ ဒီနေ့ အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူများမှာ-

(၁) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ်(ခ)ဦးဦးရယ် ခွင့် ၅ ရက်၊

(၂) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၅ ရက်၊

(၃) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၄) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၅) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

(၆) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၇) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၅ ရက်၊

(၈) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၉) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၁၀) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၁၁) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၅ ရက်၊

(၁၂) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၁၃) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၃ ရက်၊

(၁၄) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၁၅) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၁၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၅ ရက်၊

(၁၇) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၁၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၅ ရက်၊

(၁၉) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၁၁ ရက်၊

(၂၀) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၂၁) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၅ ရက်၊

(၂၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၄ ရက်၊

(၂၃) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၂၄) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၂၅) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၂၆) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၂ ရက်၊

(၂၇) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၁ ရက်၊

(၂၈) ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင် ခွင့် ၁ ရက်၊

(၂၉) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၃၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်၊

(၃၁) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၃ ရက်၊

**မူကြမ်း**

(၃၂) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၃၃) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ(ခ)ဦးပေါ်ကာ ခွင့် ၁ ရက်၊

(၃၄) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊

(၃၅) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျော်ဝမ်း ခွင့် ၁ ရက်၊

(၃၆) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၃၇) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၃၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၄ ရက်၊

(၃၉) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၃ ရက်၊

(၄၀) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၃ ရက်၊

(၄၁) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၅ ရက်၊

(၄၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၅ ရက်၊

(၄၃) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၅ ရက်၊

(၄၄) ကုန်ကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၅ ရက်၊

(၄၅) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၅ ရက်၊

(၄၆) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၅ ရက်၊

(၄၇) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၄၈) ကောသောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၄၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၅၀) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၅၁) စဥ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၁ ရက်၊

(၅၂) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၅၃) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၅ ရက်၊

(၅၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘငွေး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၅၆) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၅၇) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

**မူကြမ်း**

(၅၈) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၂ ရက်၊

(၅၉) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၁ ရက်၊

(၆၀) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၂ ရက်၊

(၆၁) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၆၂) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၆၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၆၄) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၆၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၁ ရက်၊

(၆၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၅ ရက်၊

(၆၇) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၂ ရက်၊

(၆၈) ခနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁၆ ရက်၊

(၆၉) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၂ ရက်၊

(၇၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၇၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်နှင့်

(၇၂) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၅ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၇၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒီမိုကရေစီနှင့်အညီ မသန်စွမ်းသူများ၊ အသက်(၆၅)နှစ်ကျော် သက်ကြီးရွယ်အိုများကို လူမှုရေး ထောက်ပံ့ကြေးများ တစ်လလျှင် သုံးသောင်းကျပ်နှုန်းဖြင့် နိုင်ငံတကာ NGO/INGO တို့နှင့် ပူးပေါင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်။ လူမှုဖွံ့ဖြိုးရေးကော်မတီဝင်လည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်အညီ မသန်စွမ်းသူ များ၊ သက်ကြီးရွယ်အို အသက် (၆၅) သို့မဟုတ် (၇၀) ကျော်သူများကို လူမှုရေးထောက်ပံ့ကြေးအဖြစ် တစ်လလျှင် သုံးသောင်းကျပ် သို့မဟုတ် နှစ်သောင်းကျပ်နှုန်းဖြင့် အမြန်ဆုံးထောက်ပံ့ပေးနိုင်ပါရန်နှင့် နိုင်ငံတကာ NGO/ INGO တို့နှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် ယခုလက်ရှိဆောင်ရွက်ပေးနေ သော အသက် (၉၀) နှင့် (၁၀၀) တို့မှာ တချို့တိုင်းနှင့်ပြည်နယ်ဒေသများတွင် ထိရောက်မှုမရှိသော ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

ဖြေကြားချက်

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဘုန်းဆွေဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းမေးမြန်းထားရှိတဲ့မေးခွန်းကို ဖြေကြား မှာဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ကိုယ်စား နိုင်ငံအတွင်း လူမှုရေးအကူအညီလိုအပ်နေသော ကလေးသူငယ်များ၊ လူငယ်လူရွယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို လူမှုကာကွယ်စောင့်ရှောက်ရေးနည်းစနစ်များ အသုံးပြု၍ ကာကွယ်စောင့်ရှောက်မှုပေးနေသော ဝန်ကြီးဌာနတစ်ခုဖြစ်ပါတယ်။ အသက်အရွယ်အပိုင်းအခြား အသီးသီးတွင်ရှိနေသော လူမှုရေးအကူအညီလိုအပ်နေသူများကို လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းရေးဆွဲခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့က အတည်ပြုမိတ်ဆက်ခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ပါ အဆိုပြုအစီအစဉ်များတွင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကို ထောက်ပံ့နိုင်ရေးအတွက် ထည့်သွင်းရေးဆွဲထားရှိပါတယ်။ မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးခြင်းအစီအစဉ်နှင့်ပတ်သက်၍ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်သို့တင်ပြထားပြီး အဆိုပါဥပဒေပြဋ္ဌာန်းပြီးမှသာ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ထောက်ပံ့ရေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် အသက် (၆၅) နှစ်အထက် သက်ကြီးရွယ်အိုတစ်ဦးချင်းအား ထောက်ပံ့သွားနိုင်ရေး အဆိုပြုတင်ပြထားရှိပြီး ၇-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုဖိုရမ်တွင်လည်း လူမှုရေးထောက်ပံ့မှုများအား NGO/INGO များနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ထားရှိပါတယ်။ ဒါ့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသက်(၉၀) နှစ်နှင့် (၁၀၀) နှစ်အကြား အဘိုး၊ အဘွားများအား လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများအရ ထောက်ပံ့နိုင်ရေးအတွက် ၃၀-၁-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပပြုလုပ်သည့် အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင်လည်း ဘဏ္ဍာငွေ တင်ပြတောင်းခံထားရှိပြီးဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ အသက် (၁၀၀) နှစ်နှင့်အထက် သက်ကြီးဝါကြီးဘိုးဘွားများအား နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြုလက်မှတ်ချီးမြှင့်နိုင်ရေးနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ချီးမြှင့်ငွေ ၂၅ ရာခိုင်နှုန်းစုဆောင်းငွေမှ အဘိုး၊ အဘွားတစ်ဦးလျှင် တစ်လုံးတစ်ခဲတည်း ထောက်ပံ့ချီးမြှင့်ငွေ ကျပ် ၂၀၀၀၀၀ စီအား ထောက်ပံ့နိုင်ရေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒတွင် အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုအားလုံးအတွက် လူမှုရေးထောက်ပံ့ပေးရန် မူဝါဒအဖြစ် ထည့်သွင်းရေးဆွဲထားရှိပြီး လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာ၌လည်း အသက် (၆၅) နှစ်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးအထောက်အပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် ထည့်သွင်းရေးဆွဲထားရှိပါတယ်။ သို့ရာတွင် အသက်အရွယ်ကန့်သတ်ချက် အပြောင်းအလဲရှိနိုင်ကြောင်း ဖော်ပြထားရှိပါတယ်။ ထို့အပြင် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းအစီအစဉ်ကိုလည်း ထည့်သွင်းရေးဆွဲထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကို မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေ ပြဋ္ဌာန်းပြီးပါက မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများအား ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။ မသန်စွမ်းသူဖြစ်ကြောင်း မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ပါက လုပ်ငန်းအစီအစဉ်ကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရည်မှန်းချက်ပန်းတိုင်မှာ မသန်စွမ်းသူအားလုံး သာယာဝပြောရေးအတွက် ပံ့ပိုးမှုပေးရန်နှင့် အထူးသဖြင့် ကလေးဘဝတွင် ဘက်စုံဖွံ့ဖြိုးရေးနှင့် အကောင်းဆုံးအကျိုးစီးပွားများကို အားပေးမြှင့်တင်နိုင်မည့်ဝန်ဆောင်မှုများအား ရယူနိုင်ရေးပံ့ပိုးပေးရန် ဖြစ်ပါ

တယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူများအား သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများဖြင့် ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရေးနှင့်ပတ်သက်၍ INGO များနှင့်ပူးပေါင်းပြီး သက်ကြီးသူ အချင်းချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းပြီးဆောင်ရွက်လျက်ရှိပါတယ်။ အသက် (၆၅) နှစ်နှင့် (၉၀) နှစ်အကြား အဘိုးအဘွားများအား ဘဏ္ဍာရေးနှစ်အလိုက်ရရှိသော ဘဏ္ဍာငွေပေါ်မူတည်၍ တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပြီး ဒီမိုကရေစီနှင့်အညီ မသန်စွမ်းသူများ၊ အသက် (၆၅) နှစ်ကျော် သက်ကြီးရွယ်အိုများကို လူမှုရေးထောက်ပံ့ကြေးများ တစ်လလျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့နိုင်ရေးအတွက် နိုင်ငံတကာ NGO/ INGO တို့နှင့် ပူးပေါင်းပြီး ထောက်ပံ့ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံသားစိစစ်ရေးကတ်များနှင့်ပတ်သက်၍ မိုးပွင့်စီမံချက် ချမှတ်ကာ မိုးပွင့်အဆင့်(၁)မှ (၇)အထိ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအလိုက် မည်ကဲ့သို့ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတွင်း နိုင်ငံသားစိစစ်ရေးကတ်များကို မိုးပွင့်စီမံချက်ချမှတ်ကာ အဆင့်ဆင့်သော လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန တာဝန်ရှိသူများက လူအား၊ ငွေအားတို့ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ပြည်သူတို့မှာ ယခင်ကထက် အဆင်ပြေစွာ နိုင်ငံသားစိစစ်ရေးကတ်တို့ကို ရရှိခြင်းဖြင့် အထိုက်အလျောက် အောင်မြင်မှုရရှိလျက်ရှိပါတယ်။ ထို့အပြင် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသော ပြည်သူတို့ကို အချိန်မီအကြောင်းကြားနိုင်စေရန်နှင့် မိသားစုတစ်စုချင်းနှင့် မိသားစုဝင်တစ်ဦးချင်းတို့၏ ကိုယ်ရေးအချက်တို့ကို တိကျစွာထည့်သွင်းပြီး မပျောက်ပျက်အောင်သိမ်းဆည်းနိုင်ရေးတို့အတွက် လူအား၊

ငွေအား စိုက်ထုတ်သုံးစွဲကာ e-File Management System တို့ကို တီထွင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ e-File Management System ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ကုန်ကျစရိတ်တို့ကို မည်ကဲ့သို့ဆောင်ရွက်ပေးခဲ့သည်နှင့် လိုအပ်သောဝန်ထမ်းများ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ။ နိုင်ငံတော်မှ မိုးပွင့်အဆင့်(၁)မှ မိုးပွင့်အဆင့်(၇)အထိ ဆောင်ရွက်ပေးခဲ့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ နေ့စားဝန်ထမ်းများ ခန့်ထားတာဝန်ပေးအပ်ခဲ့ခြင်းရှိ/မရှိ။ ရှိပါကမည်သည့်နှုန်းထားဖြင့် နေ့စားဝန်ထမ်း မည်မျှခန့်ထားတာဝန်ပေးအပ်ခဲ့သည် နေ့စားဝန်ထမ်းစရိတ်စုစုပေါင်း မည်မျှသုံးစွဲခဲ့သည်နှင့် မိုးပွင့်စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသော သက်ဆိုင်ရာဌာနများအနေဖြင့် အထွေထွေကုန်ကျစရိတ်များကို နိုင်ငံတော်က မည်ကဲ့သို့ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်ကို မိုးပွင့်အဆင့်(၁)မှ မိုးပွင့်အဆင့်(၇)အထိ အဆင့်အလိုက် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုချင်းစီအတွက် သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဟာ ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းအပေါ်မှာ အခြေခံတဲ့ လူဦးရေဆိုင်ရာ သတင်းအချက်အလက်များကို Computer System အသုံးပြု၍ ထုတ်ယူသုံးစွဲနိုင်ရန်ရည်ရွယ်ပြီးတော့မှ နည်းပညာကျွမ်းကျင်သူများ၏ အကူအညီရယူကာ e-File Management System ကို စမ်းသပ်ဆောင်ရွက်ဖို့ စီမံခဲ့တဲ့အခါမှာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ စတင်ဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဟာ အဆိုပါလုပ်ငန်းအားဆောင်ရွက်နိုင်ရန်အတွက် စင်ကာပူအခြေစိုက် East Wind Solution IT Company နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့တာဖြစ်ပြီးတော့မှ ၎င်းကုမ္ပဏီမှလည်း မိမိဝန်ကြီးဌာနနှင့် ဆောင်ရွက်မယ့် e-File Management System ၏ စမ်းသပ်လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ နည်းပညာများနှင့် လိုအပ်သည့် Program များအား ငွေကြေးမယူဘဲ ပံ့ပိုးကူညီပေးခဲ့တာပဲဖြစ်ပါတယ်။ လုပ်ငန်းအဆင်ပြေပါက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပါ တင်ဒါစနစ်ဖြင့်ယှဉ်ပြိုင်၍ အခကြေးငွေဖြင့် တိုးချဲ့ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များမှ e-File Management System အတွက် လုပ်ငန်းလည်ပတ်မှုများကို ဆန်းစစ်လေ့လာခြင်း၊ လုပ်ငန်းဒီဇိုင်းရေးဆွဲခြင်း၊ စံသတ်မှတ်ခြင်း၊ Program များ ရေးဆွဲခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ program ရေးဆွဲခြင်းအား စတင်ခဲ့ပြီးတော့မှ ရေးဆွဲခဲ့ပြီးတဲ့ ကွန်ပျူတာ Software များအား အသုံးပြုနိုင်ရန်အတွက် အသုံးချနည်းသင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်/ခရိုင်ဝန်ထမ်း စုစုပေါင်း ၆၀ ဦးအား သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။

လုပ်ငန်းစမ်းသပ်ဆောင်ရွက်နိုင်ရန် လိုအပ်နေသေးတဲ့ Data Base တည်ဆောက်ခြင်းအတွက် Server တပ်ဆင်ရေး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်နိုင်ရေးနှင့် အခြားကုန်ကျစရိတ်များ မဖြစ်မနေသုံးစွဲရမည်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ e-File Management System စမ်းသပ်လုပ်ငန်းအား ရှင်းလင်းတင်ပြခဲ့ပြီးတော့မှ စေတနာရှင်များဖြစ်ကြတဲ့ ဦးသိန်းတန်(ရွှေပြည်သာဟိုတယ်)၊ ဒေါ်အေးမိစံ (Asia Pacifice Co.Ltd)၊ Horizon International School ၊ Than Taw Myat Co. Ltd တို့မှ စုစုပေါင်း ကျပ်သိန်း ၁၂၀ နှင့် ဧရာဝတီ International School မှ ကွန်ပျူတာနှစ်စုံ လှူဒါန်းမှုအား လက်ခံခဲ့ပြီးတော့မှ ၎င်းငွေများကို စမ်းသပ်လုပ်ငန်းအတွက် လိုအပ်တဲ့ပစ္စည်းများနှင့် ကုန်ကျစရိတ်များ အသုံးပြုတာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စက်ရှေ့ပြေးစမ်းသပ်ခြင်း စတင်ဆောင်ရွက်နိုင်ရန်အတွက် e-File Management System ရဲ့ အခြေခံကျတဲ့လုပ်ငန်းဖြစ်တဲ့ အိမ်ထောင်စုလူဦးရေစာရင်းမှာ အချက်အလက်များဟာ Computer Software အသုံးပြုပြီးတော့မှ ရိုက်သွင်းရသည့် Data Enrollment လုပ်ငန်းအား မန္တလေးခရိုင်အတွင်းမှာရှိကြတဲ့ မြို့နယ် ခုနစ်မြို့နယ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းကို သင်တန်းတက်ရောက်ပြီးဖြစ်တဲ့

မိမိဝန်ထမ်းများမှ တစ်နိုင်တစ်ပိုင်ပဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ e-File Management System ကို အသုံးပြုခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူး (၆)ချက်ကို ရရှိလာမည်ဖြစ်တဲ့အတွက်ကြောင့် မို့လို့ မျှော်မှန်း ပြီးဆောင်ရွက်ရခြင်းပဲ ဖြစ်ပါတယ်။

အဲဒီအကျိုးကျေးဇူးခြောက်ချက်ကတော့ (၁) အိမ်ထောင်စုလူဦးရေစာရင်းမှာပါဝင်တဲ့ လူဦးရေ ကျား/မ စာရင်းအား နောက်ဆုံးအခြေအနေအထိ သိရှိနိုင်ခြင်း၊ (၂) အသက်အပိုင်းအခြားအလိုက် လူဦးရေစာရင်းအား တွက်ချက်ရန်မလိုဘဲ အသုံးပြုမည့်နေ့ရက်တွင် တည်ရှိမည့် အသက်အပိုင်း အခြားကို မှန်ကန်စွာ ရယူနိုင်ခြင်း၊ (၃) ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေစာရင်း ကျား/မ အား ရယူနိုင်ခြင်း၊ (၄) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား အစရှိသည့် ကိုင်ဆောင်သည့် လက်မှတ်ပေါ်မှာမူတည်၍ တိကျသောစာရင်းကို ရယူနိုင်ခြင်း၊ (၅) လူပုဂ္ဂိုလ်တစ်ဦး ၏အမည်အား သိရုံမျှဖြင့် မည်သည့်ရပ်ကွက် မည်သည့်နေအိမ်တွင်နေထိုင်သည်ကို အလွယ်တကူ ရှာဖွေနိုင်ခြင်းနှင့် (၆) အသက် (၁၀) နှစ်၊ အသက် (၁၈) နှစ် ပြည့်လာသည့်စာရင်းအား ထုတ်ယူနိုင် ခြင်း စသည်တို့ပဲ ဖြစ်ပါတယ်။

ယခု ရွှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းကိုသာ ဆောင်ရွက်ခဲ့ပြီးတော့မှ Data ထည့်သွင်းပြီး ဖြစ်သည့် ရပ်ကွက်/ကျေးရွာများ၏ အသက် (၁၀) နှစ်၊ အသက် (၁၈) နှစ် ပြည့်လာသည့်စာရင်းများကို ထုတ်ယူခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှစ၍ အသက်ပြည့်လာသူ တစ်ဦးချင်းစီသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရန် စာများပေးပို့နိုင်ခဲ့ပါတယ်။ ထိုသူများရုံးမှာ လာရောက် ဆောင်ရွက်ခြင်းကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။ e-File Management System ဟာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အားဖြည့်ပေးမည့် စမ်းသပ် စနစ်တစ်ခုပဲဖြစ်ပါတယ်။

အမရပူရမြို့နယ်၊ မကျဉ်းကိုင်ကျေးရွာအုပ်စုကိုလည်း အသက်ပြည့်လာတဲ့သူများထံ အကြောင်းကြားနိုင်ခဲ့ပါတယ်။ ရုံးမှာ လာရောက်ဆောင်ရွက်ရန်ဖြစ်သော်လည်းပဲ ကျေးရွာ၏ဖိတ်ခေါ် ချက်အရလည်းကောင်း၊ မိမိ၏စမ်းသပ်လုပ်ငန်းဖြစ်၍လည်းကောင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရာသို့ ယခု မေးခွန်းမေးမြန်း သည့် လွှတ်တော်ကိုယ်စားလှယ်ကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့တဲ့အတွက်ကြောင့်မို့လို့

မိမိဝန်ကြီးဌာနရဲ့စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် e-File Management System ၏ အားသာချက်ကိုလည်း သိရှိခဲ့မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ e-File Management System ဟာ ယခုဆောင်ရွက်လျက်ရှိသည့် မိုးပွင့်လုပ်ငန်းကို အထောက်အကူပြုနိုင်မည်ဖြစ်သော်လည်း ယခုစမ်းသပ်လုပ်ငန်းဆောင်ရွက်နေဆဲဖြစ်ပြီးတော့မှ ပြည်သူအတွက် ပိုမိုအရေးကြီးတဲ့ မိုးပွင့်အထူးစီမံချက်ကိုသာ အလေးပေးဆောင်ရွက်နေပါတယ်။ ယခု မန္တလေးတိုင်းဒေသကြီး e-File Management System ဟာ စမ်းသပ်လုပ်ငန်းသာဖြစ်ပြီးတော့မှ နိုင်ငံတော်မှ ငွေကြေးတောင်းခံခြင်း၊ လုပ်အားပေး ငှားရမ်းခြင်းများဆောင်ရွက်မှုမရှိခဲ့ဘဲ မိမိရရှိသည့်အလှူငွေများ၊ ပံ့ပိုးပေးမှုများအပေါ်မှာ မိမိဝန်ထမ်းအင်အားဖြင့် တစ်နိုင်တစ်ပိုင် Pilot Project အဖြစ် စမ်းသပ်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ e-File Management System စမ်းသပ်လုပ်ငန်းအောင်မြင်မှုရရှိပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နိုင်ရန် လုပ်ငန်းစီမံချက်များ ရေးဆွဲတွက်ချက်ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်တောင်းခံခြင်း၊ လိုအပ်သော ရန်ပုံငွေများ တွက်ချက်တောင်းခံခြင်း၊ နည်းပညာရပ်များ တင်ဒါခေါ်ယူခြင်းများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း တင်ပြလိုပါတယ်။

မိုးပွင့်စီမံချက် အဆင့်(၁)မှ အဆင့်(၇)အထိ လုပ်ငန်းစဉ်များကို မိမိဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရန်ဟူ၍ သီးခြားအသုံးစရိတ် တင်ပြတောင်းခံခဲ့ခြင်းမရှိဘဲ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန၏ ပုံမှန်ခွဲဝေခွင့်ပြုခဲ့သော သာမန်အသုံးစရိတ်အတွင်းမှသာ စီမံချက်လုပ်ငန်းအတွက် လိုအပ်သော ရုံးသုံးပုံစံများအား ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ တာဝန်ရိုက်နှိပ်ပြီး သက်ဆိုင်ရာအဖွဲ့များသို့ ခွဲဝေပေးခဲ့တာပဲဖြစ်ပါတယ်။ နေ့စားဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ခဲ့ခြင်းမရှိခဲ့ပါ။ မိုးပွင့်အဆင့်(၁)ကာလအတွင်း မိမိဝန်ထမ်းများ သွားလာစရိတ်၊ စားစရိတ် အကုန်အကျသက်သာစေရေးအတွက် မိမိရုံးစိုက်ရာဒေသမှ တစ်နာရီအတွင်းဒေသများတွင်သာ စတင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါတယ်။ မိုးပွင့်စီမံချက်အဆင့်(၂)မှာ ကွင်းဆင်းဆောင်ရွက်ရာမှာ ဝန်ထမ်းများ ခရီးဝေးနှင့် ညအိပ်ဆောင်ရွက်ပေးစေလိုသည့် ရပ်ကွက်/ကျေးရွာအုပ်စုများနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအား တာဝန်ယူကြောင်း တရားဝင်တင်ပြစာရရှိပြီးမှသာ ညအိပ်ကွင်းဆင်းဆောင်ရွက်ပေးရန်

ညွှန်ကြားခဲ့ပါတယ်။ ထို့အပြင် မိုးပွင့်စီမံချက်အဆင့်(၄)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ကျေးရွာများမှ ဝန်ထမ်းများ၏ သွားလာရေးကိစ္စနှင့် စားသောက်ရေးကိစ္စများ တာဝန်ယူမည်ဖြစ် ကြောင်း ဖိတ်ခေါ်မှုပြုသည့်အခါ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်များထံ ကွင်းဆင်း ဆောင်ရွက်ခွင့်တောင်းခံပြီး ဝန်ကြီးချုပ်များ၏ခွင့်ပြုချက်အရ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ မိုးပွင့်စီမံချက်အဆင့်(၅)မှ အဆင့်(၇)အထိ ကာလအတွင်းမှာ တော့ လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုသာမန်အသုံးစရိတ်မှ ငွေစာရင်း ခေါင်းစဉ်အလိုက် ခွဲဝေချထားမှုများ၊ ခရီးစရိတ်ငွေ ၂၅၀.၆ သန်း၊ ရုံးအသုံးအဆောင် ၅၆.၆၆ သန်း၊ တယ်လီဖုန်းကြေး ၈၅.၃၂၄ သန်း၊ လျှပ်စစ်မီတာခ ၂၅.၃၈ သန်း စုစုပေါင်း ၄၁၇.၉၆၄ သန်းတို့ပဲဖြစ် ပါတယ်။ အဆိုပါ ခွဲဝေချထားရရှိငွေများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ တွက်ချက် မှုအတိုင်း ပြန်လည်ခွဲဝေပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်းချက်နှင့် အညီ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်နေ့အထိ (၆)လတာ ကာလအကောင်အထည် ဖော်ဆောင်ရွက်မည့် မိုးပွင့်အထူးစီမံချက်လုပ်ငန်း အောင်မြင်ရေးအတွက် ပြည်တွင်းခရီးစရိတ်၊ ရုံး အသုံးအဆောင်ပစ္စည်းများ၊ ကျွေးမွေးစရိတ်ခေါင်းစဉ်များဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စုစုပေါင်း ကျပ် ၆၆၆.၈၃ သန်း တောင်းခံတင်ပြခဲ့ရာ ပဏာမအဆင့်ခွင့်ပြုခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ်အတွင်းမှာ သုံးစွဲရန်လျာထားငွေမှာ ၂၆၅.၀၈၂ သန်း ဖြစ်ပါတယ်။ သို့ပါ၍ မိမိဝန်ကြီးဌာနဟာ ယခင် မိုးပွင့်စီမံချက်များကို ထပ်မံအားဖြည့်၍ မိုးပွင့်အထူးစီမံချက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်းနှင့် မိုးပွင့်စီမံချက်များဆောင်ရွက်ရာမှာ နေ့စားဝန်ထမ်းများ ခန့်အပ်ထားခြင်းမရှိဘဲ မိမိဝန်ထမ်းအင်အားများဖြင့်သာ ဆောင်ရွက်ခဲ့ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)အရ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြ အပ်ပါတယ်။ ဒုတိယဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ နေ့စားဝန်ထမ်းများ မခန့်အပ်ခဲ့ပါဘူးလို့ ကျွန်တော်တို့ မှတ်သားလိုက်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံတော်မှာ လူဦးရေတိုးတက်လာ တာနဲ့အညီ လူဦးရေတွေလည်းတိုးပွားလာတယ်။ အခုလိုစီမံချက်တွေနဲ့ချမှတ်တဲ့နေရာမှာလည်းပဲ အချိန်မီပြီးပြတ်အောင်ဆောင်ရွက်နိုင်ဖို့ရာအတွက် မြို့နယ်တိုင်းမှာရှိတဲ့ လဝကဦးစီးဌာနမှာ ဝန်ထမ်း များဟာ နည်းပါးနေခြင်းအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ အမြဲတမ်းဝန်ထမ်းများကို တိုးချဲ့ ခန့်အပ်တာဝန်ပေး သွားရန် အစီအစဉ်ရှိ/မရှိ တစ်ချက် ကျွန်တော့်အနေနဲ့သိရှိလိုပါတယ်။ နောက် မိုးပွင့်အဆင့်(၁) ကနေ (၇)အထိ ဆောင်ရွက်ပြီးတော့ လက်ရှိမိုးပွင့်အထူးစီမံချက်အဖြစ်ဆောင်ရွက် နေမှုများဟာ နိုင်ငံသားလက်မှတ်ထုတ်ပေးရမယ့် နိုင်ငံသားများကို ၂၀၁၅ ခုနှစ်၊ အထွေထွေ ရွေးကောက်ပွဲအမီ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ၊ မဆောင်ရွက်နိုင်ခဲ့ဘူးဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲမှာ ဆန္ဒမဲပေးနိုင်ခွင့်ရှိတဲ့ ကျွန်တော်တို့နိုင်ငံသားတွေအတွက် ဘယ်လိုများ စီမံဆောင်ရွက်ထားသလဲဆိုတဲ့ဟာ တစ်ချက်သိချင်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ e-File Management ကို ဒါအခုမှ စပြီးတော့ကျင့်သုံးတယ်။ ဒီလိုကျင့်သုံးပြီးတဲ့အခါမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆောင်ရွက် သွားမယ်ဆိုတဲ့အတွက်လည်းပဲ ကျွန်တော်တို့အနေနဲ့ကြိုဆိုပါ တယ်။ ဒါ့ထက်ပိုပြီးတော့ နိုင်ငံသားစိစစ်ရေးကတ်တွေကို နိုင်ငံတကာမှာအသုံးပြုနေတဲ့ Smart Card များအဆင့်ကို ဘယ်နှခုနှစ်လောက်မှာများ ရောက်ရှိနိုင်မလဲဆိုတဲ့ဟာလေး ကျွန်တော့်အနေနဲ့ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြို့နယ်အသီးသီးတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ်မရှိသူများ အတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းကို မဖြေခင် ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနနဲ့ပတ်သက်တဲ့မေးခွန်း နှစ်ခုမေးမှာဖြစ်ပါတယ်။ (၁)မေးခွန်းကတော့ ကာလကန့်သတ်ချက် မရှိဘဲနဲ့ ထုတ်ပေးထားတဲ့ White Card ကိစ္စဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ အိမ်ထောင်စု လူဦးရေစာရင်းနှင့်သန်းခေါင်စာရင်းများ၊ နိုင်ငံသားလက်မှတ်များထုတ်ပေးတဲ့ကိစ္စဖြစ်ပါတယ်။ ပထမ မေးခွန်းနှင့်ဒီမေးခွန်းတွေကို ကျွန်တော်က အဆိုအနေနဲ့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ မေးခွန်းအနေနဲ့ပြောင်းပြီးတော့ မေးခဲ့ခြင်းဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ နိုင်ငံတော် သမ္မတရုံးကနေ White Card နဲ့ပတ်သက်ပြီးတော့ ကြေညာချက်ထွက်လာတာကိုလည်း ကြိုဆို ပါတယ်။ အခု ဒုတိယဝန်ကြီးအနေနဲ့ ဒါကိုလည်း အသေးစိတ်ရှင်းလင်းပေးဖို့ဖြစ်ပါတယ်။ ဒုတိယ မေးခွန်းကတော့ နိုင်ငံသားစိစစ်ရေးလက်မှတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်လို့ နိုင်ငံတော်မှာ ယနေ့ ဝန်ကြီးဌာနကနေ မိုးပွင့်(၁)ကနေ(၇)အထိ လုပ်ခဲ့ပြီးပါပြီ။ ဇန်နဝါရီလ ၁ ရက်နေ့ ကနေ ဇွန်လ ၃၀ အထိ မိုးပွင့်အထူးဆိုပြီးတော့လည်း လုပ်ဦးမှာဖြစ်ပါတယ်။ ဒီအထူးအတွက်လည်း နိုင်ငံတော်ဘတ်ဂျက်ထဲကနေပြီးတော့ ကျပ်သန်းပေါင်း ၄၁၄.၃၃၁ သန်း သုံးမယ်လို့လည်း ကြားသိ ရပါတယ်။ ကျွန်တော်သိချင်တဲ့မေးခွန်းက မိုးပွင့်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) လည်း လုပ်ခဲ့ပြီးပြီ။ ယနေ့ မိုးပွင့်အထူးလည်းလုပ်မယ်ဆိုရင် နိုင်ငံတော်မှာရှိတဲ့ အိမ်ထောင်စုလူဦးရေစာရင်းနှင့်သန်းခေါင် စာရင်းမရှိသေးတဲ့လူတွေအားလုံးကို ထုတ်ပေးနိုင်မှာလား။ မထုတ်ပေးနိုင်ရင် ဘယ်လိုအစီအစဉ်နဲ့ လုပ်မလဲဆိုတာ ကျွန်တော်က သိချင်လို့မေးခြင်းဖြစ်ပါတယ်။ အဓိကကတော့ ဝန်ကြီးဌာနအနေနဲ့ မိုးပွင့်တွေလုပ်ခဲ့ပေမယ့်လို့ အမှန်တကယ်တွေ့ကြုံရတဲ့အခက်အခဲကို တင်ပြရရင် နံပါတ်(၁)က ရပ်ရွာ တွေမှာ မိုးပွင့်အထူးဆိုပြီးလုပ်ပါတယ်။ တစ်နေ့မှာ ၁၀ ယောက်၊ ၁၁ ယောက်လုပ်ပြီးတော့ ကျန်တဲ့ ရက်တွေမှာ ရုံးခေါ်ပြီးတော့ အရင်အတိုင်းပဲ အပေးအယူလုပ်ပြီးတော့ လုပ်ကြရတာကိုလည်း တွေ့ရပါ တယ်။ ဒုတိယအချက်ကတော့ လူကြီးတွေလာစစ်တဲ့နေ့မှာ အခမ်းအနားနဲ့လုပ်တယ်။ လူကြီးတွေ ပြန်သွားပြီးတော့လည်း ပုံမှန်အတိုင်းပြန်ဖြစ်ပါတယ်။ တကယ်သာ ဝန်ကြီးဌာနကဝန်ထမ်းတွေ အလုပ် လုပ်ကြမယ်ဆိုရင် မိုးပွင့်အထူးတောင်မလိုဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့် ယနေ့ ကျွန်တော်တို့နိုင်ငံမှာ အများဆုံးဖြစ်နေတာ ကျူးကျော်တွေဖြစ်ပါတယ်။ ဒါတွေလည်း လာမယ့် ၂၀၁၅ မှာ ရွေးကောက်ပွဲမီသည်ဖြစ်စေ နိုင်ငံတော်မှာ အစီအစဉ်တစ်ရပ်ရှိဖို့လိုပါတယ်။

ဒါကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် သန်းခေါင်စာရင်းပေးဖို့ အခက်အခဲတွေကိုလည်း ဖြေရှင်းပေးဖို့လိုပါတယ်။ အဓိကကြုံနေတာကတော့ နိုင်(၂)တို့၊ ပုံစံ(၁၆)တို့၊ မျိုးရိုးစဉ်ဆက်ဖြည့်တာတို့ ဒါတွေနဲ့ပတ်သက်လို့ အခက်အခဲမေးကြည့်တဲ့အခါမှာ ဝန်ကြီးဌာနကို၊ မြို့နယ်ကို တယ်လီဖုန်းခ ၁၈၀၀၀ ခွင့်ပြုထားပါတယ်။ အမှန်တကယ် Fax နဲ့ပို့မယ်။ ဖုန်းနဲ့ဆက်သွယ်မယ်ဆိုရင် ပြည်သူ သွားစရာမလိုပါဘူး။ ဒီအတွက် ငွေတွေလည်း တိုးပေးဖို့လိုပါတယ်။ ဒီမေးခွန်းနှစ်ခုကို ဖြေကြားပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဦး မေးတဲ့မေးခွန်းကို အရင်ဖြေပါ။ လိုမယ်ဆိုရင် ထပ်ဆင့်မေးခွန်းဆက်ဖြေပါ။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည့်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်း ချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးဝင်းမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်နဲ့အတူ အလားတူပဲ မေးခွန်းများဟာ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလှိုင်၊ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမဲဆန္ဒနယ်မြေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းနဲ့ ရန်ကုန်းတိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမျိုးအောင်တို့မှလည်း မေးမြန်းခဲ့ကြတဲ့အတွက်ကြောင့်မို့လို့ ရှင်းလင်းဖြေကြားခဲ့ပြီးလည်းဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ အဓိကလုပ်ငန်းတာဝန်ကြီး(၃)ရပ်အနက် တစ်ခုဖြစ်တဲ့ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်းဟာ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းအတွက် လုပ်ထုံးလုပ်နည်းအစဉ်အလာအရ ပြည်သူတစ်ဦးချင်းက လိုအပ်သော အထောက်အထားများဖြင့် လူကိုယ်တိုင်ရုံးသို့ လာရောက်လျှောက်ထားရမည်ဖြစ်ပါတယ်။ လူတစ်ဦးချင်း၏ နိုင်ငံသားဖြစ်မှုကို စိစစ်ရာမှာ နိုင်ငံတော်လုံခြုံရေးနှင့် ဆက်စပ်နေခြင်းကြောင့် မှားယွင်းမှု

မရှိစေရေးအတွက် မိဘ၊ ဘိုးဘွားများ၏ အထောက်အထားများကို ရုံးလက်ခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ပြီးမှ အတည်ပြုထုတ်ပေးရပါတယ်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအနက် ပြည်သူ့ဆန္ဒသဘောထားကို အလေးထားရန် ဆိုတဲ့အချက်ကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ် မှတ်ယူဆောင်ရွက်ချက်အရလည်းကောင်း ၂၀၁၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ရက်မြောက် ပုံမှန်အစည်းအဝေးမှာ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း မေးမြန်းခဲ့တဲ့ နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းအား သက်သာသောစရိတ်နှုန်းထားဖြင့် မြန်ဆန်စွာထုတ်ပေးနိုင်ခြင်း ရှိ/မရှိမေးခွန်းအပေါ်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ယခင် လိုအပ်ချက်များကို ဥပဒေနှင့်အညီ များစွာဖြေလျှော့ပေးပြီး မိုးပွင့်စီမံချက်ဟူသောအမည်ဖြင့် တစ်နိုင်ငံလုံးကွင်းဆင်း၍ One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။

ထိုသို့ မိုးပွင့်စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အိမ်ထောင်စုလူဦးရေစာရင်းလျှောက်ထားခြင်းအတွက် ယခင်လိုအပ်ချက် ၁၀ ချက်အစား မဖြစ်မနေလိုအပ်သော အချက် (၅) ချက်မှလွဲ၍ ကျန်အချက်များကို ဖြေလျှော့ပေးခဲ့ပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရရင် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းအတွက် မိဘအထောက်အထားတင်ပြနိုင်ခြင်း မရှိသော တိုင်းရင်းသားများအား အဖွဲ့ဝင် (၅) ဦးပါတဲ့ မြို့နယ်နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ရေးကြီးကြပ်မှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဆောင်ရွက်ပေးခြင်း၊ တိုင်းရင်းသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ယခင်ခရိုင်ဦးစီးဌာနမှူး လက်မှတ်ရေးထိုးရမည့်အစား ပိုမိုမြန်ဆန်လွယ်ကူစေရေးအတွက် မြို့နယ်ဦးစီးဌာနမှူးများအား လက်မှတ်ရေးထိုးခွင့်ပြုခြင်းများအပါအဝင် အချက်အလက်များကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ကာ နိုင်ငံတော်အတွက် ပေးသွင်းရမည့်သတ်မှတ်အခကြေးငွေအား လုပ်ငန်းအမျိုးအစားအလိုက် သုံးကျပ်၊ ခြောက်ကျပ်၊ တစ်ဆယ်ကျပ်ကိုသာ ကောက်ခံ၍ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စတင်ပြီးတော့မှ မိုးပွင့်စီမံချက် အဆင့် (၁)ဖြင့် နိုင်ငံတစ်ဝှမ်းလုံး ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးပွင့်စီမံချက်များကို နှစ်လအတွင်း ကွင်းဆင်းတစ်လရုံးထိုင် တိုက်ဆိုင်စစ်ဆေးတဲ့စနစ်ဖြင့် ဆက်တိုက်ဆောင်ရွက်ခဲ့တဲ့အခါမှာ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မိုးပွင့်အဆင့် (၇) ကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စုလူဦးရေဆိုင်ရာလုပ်ငန်းဖြစ်တဲ့ အိမ်ထောင်စု ၆၉၆၁၂၀ စုနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ၄၂၅၅၁၄၃ ကတ်ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုကဲ့သို့ မိမိဝန်ကြီးဌာနမှ မိုးပွင့်စီမံချက် အဆင့်ဆင့်ဖြင့် အကြိမ်ကြိမ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အဓိကအခက်အခဲမှာ ပြည်သူများဟာ နိုင်ငံသားစိစစ်ရေးကတ်ပြားအား ခရီးသွားလာခွင့်လက်မှတ်အဖြစ်သာ သိရှိကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိခြင်းအားဖြင့် နိုင်ငံသားအခွင့်အရေး Right of Citizen နှင့် နိုင်ငံသား ဖြစ်ခြင်း၏တန်ဖိုးကို ကျယ်ကျယ်ပြန့်ပြန့်မသိရှိနိုင်ခြင်းကြောင့် မိမိရွာမှာလာရောက်ကွင်းဆင်း လုပ်ပေးနေသည့်တိုင် လာမလုပ်သူများ၊ ဝမ်းရေးအတွက် ဦးစားပေးလုပ်ကိုင်နေကြရခြင်းများကြောင့် လက်တွေ့မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသော ပြည်သူများ ကျန်ရှိနေဆဲဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

ယခုအခါမှာ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အရ အဆိုပါကျန်ရှိနေသူများအား ဆောင်ရွက် ပေးနိုင်ရန်အတွက် မိုးပွင့်စီမံချက်ကို ထပ်မံအားဖြည့်၍ မိုးပွင့်အထူးစီမံချက်ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ခြောက်လတာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မိုးပွင့်(အထူး)စီမံချက်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ ကိုယ်တိုင်က ကျေးရွာအုပ်ချုပ်ရေးမှူးများထံစာရင်းပေးပြီး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများရဲ့ စာရင်း ဇယားအပေါ်အခြေတည်၍ မိမိဝန်ကြီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးသည့်စနစ်ပင် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းတွင်ပါဝင်သော အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား လက်ဝယ်မရှိသူများဟာလည်း မိုးပွင့်(အထူး)စီမံချက်မှာ ကိုယ်တိုင်ဆန္ဒပြု၍ ဝင်ရောက် ဆောင်ရွက်ခွင့်ရရှိကြမှာပဲ ဖြစ်ပါတယ်။ ထို့အပြင် မြို့နယ်အချို့မှာ မိမိမူလနေထိုင်ရာမြို့နယ်မှ ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ယူလာခဲ့ခြင်းမရှိသဖြင့် တရားဝင်အိမ်ထောင်စုလူဦးရေစာရင်းမရှိဘဲ အစဉ် အဆက်နေထိုင်လျက်ရှိသူများကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ထိုသူများအား အခက်အခဲမရှိဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိဝန်ကြီးဌာနဟာ ယခင်နေ ထိုင်ရာမြို့နယ်မှ ပြောင်းရွှေ့ပုံစံ (၁၀) ရယူလာခြင်းမရှိသော်လည်း မြို့နယ်နှစ်ခုမှာ လူဦးရေစာရင်း ထပ်၍ လူဦးရေဖောင်းပွမှုဖြစ်ပေါ်ခြင်းမရှိစေရန်နှင့် ဥပဒေနှင့်ဆန့်ကျင်မှုမရှိစေရန် ဖြေလျှော့မှုတစ်ခု အနေဖြင့် ထိုသူများ လာရောက်လျှောက်ထားပါက မိမိဌာနမှ မြို့နယ်အချင်းချင်းချိတ်ဆက်လျက်

တစ်ဖက်မြို့နယ်ရှိ အိမ်ထောင်စုလူဦးရေစာရင်းအား ပယ်ဖျက်ခြင်း၊ ရောက်ရှိသည့်မြို့နယ်တွင် အိမ်ထောင်စုလူဦးရေ စာရင်းထုတ်ပေးခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာမှာ မည်သည့်လိပ်စာဖြင့် နေထိုင်ကြောင်း အိမ်ထောင်စုလူဦးရေစာရင်းတင်ပြရပြီးတော့မှ အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားရာတွင်လည်း မည်သည့်လိပ်စာတွင် မည်သည့်အခြေအနေဖြင့် နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်တင်ပြရမှာဖြစ်ပါတယ်။ လက်ရှိမှာ အိမ်ထောင်စုလူဦးရေ စာရင်းမှာမရှိဘဲ နေထိုင်သူအများစုမှာ ယခင်မည်သည့်နေရာတွင်မှ စာရင်းပါဝင်သူမရှိသူများဖြစ်ပြီး ယခုလက်ရှိနေရာသည်လည်း ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းဖြစ်၍ ထိုသူများ၏ နေထိုင်မှုဟာ အုပ်ချုပ်မှုကိစ္စနှင့်သာသက်ဆိုင်ပြီး ၎င်းတို့အား ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ထောက်ခံချက်ထုတ်ပေးခြင်းမရှိသဖြင့် မိမိဝန်ကြီးဌာနမှလည်း အိမ်ထောင်စုလူဦးရေစာရင်း ဆက်လက်ဆောင်ရွက်ပေး၍ မရခြင်းပဲဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ မှာ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသမဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသဖြင့် ထိုသူများဟာ ဥပဒေနှင့်အညီသာ အခြေချနေထိုင်ခွင့်ရှိပါတယ်။ နိုင်ငံတစ်ဝှမ်းမှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မိုးပွင့်စီမံချက်များဖြင့် ဖြေလျှော့ရေးနည်းလမ်းအရ ဆောင်ရွက်ရာတွင်လည်း ဖြေလျှော့ပေးနိုင်သည့်အချက်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှုရှိ/မရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက် တောင်းခံပြီးမှ အနည်းဆုံး လိုအပ်သောအချက်များဖြင့်သာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်၍ ထပ်မံဖြေလျှော့ရန် မဖြစ်နိုင်တော့ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေဖြင့် ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲများမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၄)၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်သူဖြစ်လျှင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဟာ ထိုသူကို မဲစာရင်းအား ထည့်သွင်းပြုစုမည်ဖြစ်ပါတယ်။ ထို့ပြင်မိမိ၏ရပ်ကွက် သို့မဟုတ် ကျေးရွာ

အုပ်စုမှာ မွေးဖွား/ကြီးပြင်း၊ အခြေချနေထိုင်သည့် တိုင်းရင်းသားများနှင့် နိုင်ငံသားများအနက် အိမ်ထောင်စုစာရင်းမရှိသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား/အမျိုးသားမှတ်ပုံတင်ကတ်ပြား မရှိသူများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသည် မဲစာရင်းမှာ ထည့်သွင်းပြုစုမှာပဲဖြစ်ပါတယ်။ ထို့ကြောင့် မဲဆန္ဒနယ်တစ်ခု၏ မဲစာရင်းတွင်ပါဝင်သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို ရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိမှာပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သော ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲဟာ ပြည်သူဟာ ၎င်း၏အခွင့်အရေးအရ မဲပေးလိုခြင်းထက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေကတ်ရရှိပြီး မဲပေးလိုခြင်းကို ပိုမိုလိုလားတောင့်တနေခြင်းဖြစ်သည့် ပြည်သူ့ဆန္ဒကိုသိရှိပါသလား၊ မည်သို့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့မှ သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်၍ မဲဆန္ဒနယ်တစ်မဲ၏ နယ်တစ်ခုမှာ မဲစာရင်းမှာ ပါဝင်သူတိုင်းဟာ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသဖြင့် ပြဋ္ဌာန်းချက်နှင့် ညီညွတ်နေသဖြင့် တစ်စုံတစ်ဦး၏ အခွင့်အရေးကို ထိခိုက်မှုမရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီး ခဏနားလိုက်ပါ။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ခုနကတော့ ဝန်ကြီးဖြေသွားတာ ကျွန်တော်ကျေနပ်ပါတယ်။ ကျွန်တော်တို့မေးတဲ့မေးခွန်း(၁) ဖြစ်တဲ့ White Card နဲ့ပတ်သက်ပြီးတော့ ဖေဖော်ဝါရီလ ၁၁ ရက်နေ့က နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်လည်းသိပြီးဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရော၊ တစ်နိုင်ငံလုံး ထင်သာမြင်သာသိရှိနိုင်ဖို့အတွက် White Card နဲ့ပတ်သက်လို့ ဘယ်လိုလုပ်ထားသလဲဆိုတဲ့အဖြေလေး နံပါတ်(၁) ပြန်ဖြေပေးဖို့ ဖြစ်ပါတယ်။ နံပါတ်(၂) ကတော့ ဝန်ကြီးဖြေသွားတဲ့အထဲမှာ လာမယ့်ရွေးကောက်ပွဲအတွက် မဲပေးလို့ရတယ်ဆိုတာ ကျွန်တော်တို့လည်း သဘောပေါက်ပါတယ်။ UEC ရဲ့ ညွှန်ကြားချက်အရ အားလုံးကလည်းလုပ်ပြီးဖြစ်ပါတယ်။ ဒါအခက်အခဲမရှိပါဘူး။ ကျွန်တော်မေးတဲ့ ဒုတိယမေးခွန်းက ရွေးကောက်ပွဲအတွက် မရည်ရွယ်ပါဘူး။ ကျွန်တော်မေးတဲ့မေးခွန်းကတော့ နိုင်ငံတော်မှာ မော်တော်

ကားတွေ၊ ဆိုင်ကယ်တွေ without ဖြစ်သလို မှတ်ပုံတင်သန်းခေါင်စာရင်းမရှိ တဲ့လူတွေကလည်း လူ without ဖြစ်မှာဖြစ်ပါတယ်။ သူတို့ရဲ့ ပညာရေးနဲ့ ကျန်းမာရေးအခက်အခဲများစွာ တွေ့ကြုံနေရပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနရဲ့ ဥပဒေအရ ကုန်ဆုံးသွားပြီ၊ မဖြေလျှော့နိုင်တော့ဘူးဆိုတာ ကျွန်တော်လက်ခံပါတယ်။ ဒါ By Law နဲ့လုပ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ နိုင်ငံမှာ ယနေ့ နာဂစ်မုန်တိုင်းကြောင့်ကျူးကျော် ကျွန်တော်တို့ ရွှေပြည်သာမြို့နယ်မှာတင် နှစ်သောင်း၊ သုံးသောင်းလောက်ကျန်ပါတယ်။ ဒီလူတွေဟာ သူတို့တွေဟာသူတို့ဘဝအတွက် ပညာရေး၊ ကျန်းမာရေးအတွက် ပြည်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ် လိုချင်ကြပါတယ်။ ဥပဒေအရ သူတို့ကို မပေးနိုင်တော့ဘူးဆိုတာလည်း ကျွန်တော်လက်ခံပါတယ်။ သူတို့အိမ်ငှားအမည်နဲ့ ပေးမယ်ဆိုရင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လုပ်ပေးပါတယ်။ အိမ်ငှားအမည်ပေးဖို့ဆိုတာကလည်း သူတို့က ကျူးကျော်ဆိုတော့ သူတို့ကို မည်သူမျှ အိမ်ငှားအနေနဲ့ မသတ်မှတ်ပေးပါဘူး။ ဒါကြောင့် ကျွန်တော်မြင်တာကတော့ လက်ရှိတည်ဆဲဥပဒေကို ပြင်ပြီးတော့ အဲဒီဘဝရောက်နေတဲ့ နိုင်ငံသားတွေအတွက် တစ်ခုခုတော့ဖန်တီးပေးဖို့ လိုမယ်လို့ထင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနမှ အစီအစဉ်ရှိ/မရှိ ဒုတိယမေးခွန်းအနေနဲ့ ဖြေကြားပေးဖို့ မေတ္တာရပ်ခံပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦးရဲ့ထပ်ဆင့်မေးခွန်းနဲ့ ဦးတင်မောင်ဦးရဲ့ ထပ်ဆင့်မေးခွန်းကို တပေါင်းတည်းတစ်စည်းတည်းပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသိန်းထွန်းဦး မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ပထမအချက်ကတော့ ဝန်ထမ်းများတိုးချဲ့ခန့်ထားမှုကိစ္စလေးဖြစ်ပါတယ်။ အဲဒီတော့ ဝန်ထမ်းများ ကျွန်တော်တို့က သတ်မှတ်ထားတဲ့ဖွဲ့စည်းပုံရဲ့ ၆၆ ရာခိုင်နှုန်းပဲ ခန့်ခွင့်ရှိပါတယ်။ လက်ရှိ အနေအထားကလည်း ပြီးခဲ့တဲ့လထဲမှာပဲ လိုအပ်တဲ့ဝန်ထမ်းအားလုံး ၁၂၅ ယောက်ကို ကျွန်တော်က ဖြည့်တင်းပြီးတော့မှ ခန့်အပ်ထားပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဝန်ထမ်းတိုးချဲ့ပြီးတော့မှ ခန့်ထားဖို့ အစီအစဉ်မရှိပါကြောင်း ပထမအချက်အနေနဲ့ ရှင်းလင်းဖြေကြားလိုပါတယ်။ ဒုတိယအချက်ကတော့ အထူးမိုးပွင့်စီမံချက်နှင့် ပတ်သက်ပြီးတော့မှ ဒါကျွန်တော်တို့ကလည်း သတ်မှတ်ချက်ကတော့ ဇွန်လကုန်အထိဖြစ်ပါတယ်။ သို့သော်လည်းပဲ အသက် ၁၈ နှစ်ပြည့်ပြီးဆိုတာ နေ့စဉ်လည်း ရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ သတ်မှတ်တဲ့ကာလစီမံချက်

ကျော်ပြီးတဲ့တိုင်အောင်မှ ဒါကို ဆက်လက်ပြီးတော့မှပဲ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် အထူး မိုးပွင့်နဲ့ပတ်သက်ပြီးတော့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယအချက်အနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားလိုပါတယ်။ တတိယအချက်ဖြစ်တဲ့ e-File Management System နဲ့ပတ်သက်ပြီးတော့မှ ယခု မန္တလေးတိုင်းဒေသကြီးမှာ ဆောင်ရွက်ခဲ့တဲ့ဟာက ကျွန်တော်တို့က စမ်းသပ်ပဲဖြစ်ပါတယ်။ လက်ရှိအားဖြင့်တော့ ဒီလုပ်ငန်းအင်မတန်ကျယ်ပြန့်တဲ့အတွက်ကြောင့် ကျွန်တော်တို့က အထူးမိုးပွင့်စီမံချက်ကာလ ဒါမှမဟုတ်လည်း တခြားလုပ်ငန်းတွေလည်း စီမံချက်တွေ ပြီးစီးမှသာလျှင် ကျွန်တော်တို့ သေချာပြန်ပြီးတော့မှ သက်ဆိုင်ရာလုပ်ငန်းစီမံချက်ရေးဆွဲပြီးတော့မှ လိုအပ်တဲ့ဘတ်ဂျက်နှင့် လိုအပ်တဲ့လုပ်ငန်းများ Action of Plan ရေးဆွဲပြီးတော့မှ ပြန်လည် ရှင်းလင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒါလေးတစ်ခု ကျွန်တော်ပြန်ပြီးတော့မှ ဖြေကြား တင်ပြလိုပါတယ်။

နောက်တစ်ခု ဦးတင်မောင်ဦး မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ White Card ကိစ္စ ဒါ ပြန်လည်ဆွေးနွေးပြီးတော့မှ အသေးစိတ်လေး ကျွန်တော်တို့က ပြန်လည်ရှင်းလင်းပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ခုနက ဥပဒေကြောင်းအရ ပြင်ဆင်ရမယ့်ကိစ္စကတော့ ကျွန်တော်တို့ ကလည်း လက်ရှိအနေအထားကတော့ သတ်မှတ်ထားတဲ့နည်းဥပဒေထဲမှာ ပုံစံ(၁၀)မပါရင် ဘယ်လိုမှ ပေးလို့မရတဲ့အတွက်ကြောင့်မို့လို့ ဒါကလည်း နိုင်ငံတော်အဆင့်ကနေပြီးတော့မှ လိုအပ်တဲ့ဖြေလျှော့မှု များကို စီမံဆောင်ရွက်ပေးနိုင်ဖို့အတွက်ကို ကျွန်တော်ကလည်း နိုင်ငံတော်အစိုးရထံ တင်ပြထား ပြီးလည်းဖြစ်ပါတယ်။ ကျန်တဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် သေချာလေးအသေးစိတ် ပြန်လည်ဆွေးနွေးညှိနှိုင်းပြီးတော့မှ ဖြေကြားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဦးဉာဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်၏ တင်သွင်း၊ဆွေးနွေးခဲ့ပြီး အတည်ပြုခဲ့သော တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေနှင့်အညီ နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိရေး အတွက် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးမှ ပြန်ကြားလာမှုအပေါ် ရှင်းလင်းတင်ပြခြင်း**

ဥက္ကဋ္ဌ ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်းက တည်ဆဲ နိုင်ငံရေးပင်စင်ဥပဒေနဲ့ အညီ နိုင်ငံရေးပင်စင်ခံစားခွင့် ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆို တင်သွင်းဆွေးနွေးခဲ့ပြီး လွှတ်တော်က အတည်ပြု ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ ယင်းအဆိုအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၅-၂-၂၀၁၅ ရက်နေ့မှာ ပေးပို့ခဲ့ပါတယ်။ အတည်ပြုအဆိုနှင့်ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ်(၈/၈၈)၊ ဥပဒေအမှတ်(၁/၉၇)၊ ဥပဒေအမှတ်(၁၁/၂၁)တို့အရ စကားရပ် အစားထိုးသော အဖွဲ့အစည်းများတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမပါဝင်ခြင်းနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ်(၂/၂၈)ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ပယ်ဖျက်ခဲ့ ခြင်းတို့ကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အဖွဲ့အစည်းမရှိတော့ပါသဖြင့် နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိရေးအတွက် တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေနဲ့အညီ ဆောင်ရွက်ပေး၍ မရပါကြောင်း နိုင်ငံတော်သမ္မတရုံးမှ ပြန်ကြားလာမှုအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်သူ့ လွှတ်တော်ရုံးသို့ ၁၂-၃-၂၀၁၅ ရက်နေ့တွင် ပေးပို့လာခဲ့ပါတယ်။ အဆိုပါကိစ္စကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ဖြန့်ဝေထားပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ဖြစ်သော ၉-၃-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၂-၃-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇

ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက် နေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]